KPSN

**Media Advisory**


**ဆက်သွယ်ရန်**
စောကျော်စွာ +၉၅၉၇၇၉၄၉၅၂၀၅၆
နော်ဘလူးမင်းနိုက်ဖံ +၉၅၉၄၂၁၃၄၂၂၇၄


## ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ အသံနှင့် စိုးရိမ်မှုများသည် လစ်လျူရှုခြင်းကို ခံနေရကြောင်း ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်မှပြောကြား

ရန်ကုန် ( ဇွန်လ ၁၇ ရက် ၂၀၁၇) မြန်မာနိုင်ငံမှ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် နေရပ်ပြန်နိုင်ရန် အရှိအဟုန်ဖြင့် ဆောင်ရွက်နေသော်လည်း ၄င်းတို့၏ အသံနှင့် စိုးရိမ်ပူပန်နေမှုများမှာ ထည့်သွင်းစဉ်စားခြင်းမခံရကြောင်း ၄င်းတို့တွက် ကံကြမ္မာဆိုးများသာ ရလာမည်ဖြစ်ကြောင်း ကရင်လူမှုအဖွဲ့အစည်းများ၏ ကြီးမားဆုံးသော ကွန်ယက်ဖြစ်သော ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်မှ ဖော်ပြထားသည်။

**စီစဉ်သူ** - ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်
**နေရာ** - ၆ လွှာ၊ Orchid Hotel, အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။
**အချိန်** - နေ့လည် ၁း၀၀ နာရီ မှ ညနေ ၃း၀၀ ထိ

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် - ကရင်လူမှုအဖွဲ့အစည်းများဖြင့်ဖွဲ့စည်းထားသော အကြီးမားဆုံးသော ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်အနေဖြင့် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းရှိ နယ်စပ်ဒေသတစ်ရှောက်တွင်ရှိသော ဒုက္ခသည်စခန်း နှင့် စစ်ဘေးရှောင်နေရာများတွင် နေထိုင် နေရလျက်ရှိသော ကရင်ဒုက္ခသည်များ၏ လက်ရှိအခြေအနေ၊ စိုးရိမ်ပူပန်နေမှုများ အခွင့်ရေး၊ ဂုဏ်သိက္ခာ နှင့် တောင်းဆိုမှုများကို အလေးထားဆောင်ရွက်ပေးနိုင်ရန် တောင်းဆိုလိုက်ပါသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း နှင့် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေရလျက်ရှိသော ဒုက္ခသည်အရေအတွက်သည် ခန့်မှန်းခြေအားဖြင့် တသိန်းခန့်ပြီး၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ အရေအတွက်မှာ ၂ သိန်းခန့်ရှိသည်။ ပဋိပက္ခဒဏ်ခံစားနေရသော ဒုက္ခသည့်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများသည် လက်ရှိတွင် အကူအညီနှင့် အထောက်ပံ့များမှ ဖြတ်တောက်ခြင်းကို ခံနေရသည့်အပြင် အကျိုးဆက်များအနေဖြင့် ၄င်းတို့အဆင်သင့်မဖြစ်သေးသော အနေအထားတရပ်တွင် နေရပ်ပြန်ရန် ဖိအားများနှင့်ရင်ဆိုင်နေရလျက်ရှိသည်။

မြေမြုပ်မိုင်းများ၊ စစ်တပ်မှ ၄င်းတို့ကျေးရွာများနှင့် မြေများပေါ်တွင် ကျူးကျော်တပ်ချခြင်း သိမ်းပိုက်ခြင်းများစသည့် ဒုက္ခများသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအဖို့ နေရပ်ပြန်ရန် အဓိက စိန်ခေါ်မှုများ ဖြစ်နေသည်။

ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများအဖို့ လတ်တလောအချိန်တွင် ဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်များချရတွင် ချန်လှပ်ခံထားရခြင်းတို့ကြောင့် မိမိနေရပ်သို့ မည်သို့ပြန်ရမည်ကိုပင်

ဒွိဟဖြစ်နေပါသည်သောအနေအထားသို့ ကျရောက်နေသည်။ အကယ်၍ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများအနေဖြင့် စိုးရိမ်မှုများနှင့် အဆင်သင့်မဖြစ်သေးသောအနေအထားတွင် နေရပ်ပြန်ရမည် ဆိုပါက သူတို့၏အခွင့်အရေး ဂုဏ်သိက္ခာ နှင့် အနာဂတ်မှာ ပျက်စီးသွားလိမ့်မည်ဖြစ်သည်။ ၎င်းအနေဖြင့် ပြန်ရမည့်အနေအထားတွင် မြေမြုပ်မိုင်းများအားလုံးရှင်းလင်းခြင်း၊ တပ်များသည် ၎င်းတို့၏ကျေးရွာများမှ ထွက်ခွာပေးခြင်းများကို အလိုရှိသည်ပြီး ၎င်းတို့အားအသိအမှတ်ပြုခြင်းကိုခံလိုသည်။

"ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား နေရပ်ပြန်နိုင်ရန်စီစဉ်တာ ကောင်းမွန်သင့်လျော်သော အစီအစဉ်ဖြစ်ပေမဲ့ တဖက်မှာ  သူတို့ရဲ့ အသံနှင့် စိုးရိမ်မှုများကို လစ်လျူရှုလိုက်မယ်ဆိုရင်တော့ အနုတ်လက္ခဏာဆောင်သော အနာဂတ်သာ ဖြစ်လာမယ်" ဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်မှ ပြောကြားလိုက်သည်။